CENTRE FOR LAW AND DEMOCRACY

၂၀၂၂ ခုနှစ်
မတ်လ

# မြန်မာနိုင်ငံအတွက်

## သတင်းအချက်အလက်ရယူပိုင်ခွင့်လမ်းညွှန်

Centre for Law and Democracy
info@law-democracy.org
+1 902 431-3688
www.law-democracy.org
fb.com/CentreForLawAndDemocracy
@Law_Democracy

# မာတိကာ

*နိဒါန်း- သတင်းအချက်အလက်ရယူပိုင်ခွင့် ဟူသည် ....1*

*၁။ သတင်းအချက်အလက် ရယူပိုင်ခွင့်၏ အရေးပါမှု ....3*

၁၊ ၁။ ဒီမိုကရေစီနှင့် တာဝန်ခံမှု.... 3

၁၊ ၂။ အခိုင်အမာ ဖွံ့ဖြိုးတိုးတက်မှု .... 3

၁၊ ၃။ နိုင်ငံသားများနှင့်ဆက်ဆံရေး .... 4

၁၊ ၄။ တာဝန်ခံမှု .... 4

၁၊ ၅။ အုပ်ချုပ်ရေးနှင့် အဖွဲ့အစည်းလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း .... 5

၁၊ ၆။ ဂုဏ်သိက္ခာနှင့် ပုဂ္ဂလရည်မှန်းချက်များ .... 5

၁၊ ၇။ စီးပွားရေးနှင့် စီးပွားရေးလုပ်ငန်းမှ အကျိုးအမြတ်များ .... 6

၁၊ ၈။ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်း .... 6

*၂။ သတင်းအချက်အလက်ရယူပိုင်ခွင့်ကို အကောင်အထည်ဖော်ခြင်း ....7*

*၃။ သတင်းအချက်အလက်ရယူပိုင်ခွင့်အတွက် ခြွင်းချက်များ ....10*

*၄။ အယူခံများs ....12*

*၅။ ပိတ်ဆို့မှုများနှင့် အကာအကွယ်များ ....13*

*၆။ မြှင့်တင်ရေးအစီအမံများ ....14*

*နိဂုံး ....15*

# နိဒါန်း- သတင်းအချက်အလက်ရယူပိုင်ခွင့် ဟူသည်[1]

သတင်းအချက်အလက်ရယူပိုင်ခွင့်ကို ကျောထောက်နောက်ခံပြုထားသော အဓိက သဘောတရားတစ်ရပ်မှာ ပြည်သူကို တာဝန်ခံအုပ်ချုပ်နေသူများသည် သတင်းအချက်အလက်များကို ၎င်းတို့အတွက်သာ သိမ်းဆည်းထားရန် မဟုတ်ချေ။ အထူးသဖြင့် ဒီမိုကရေစီနိုင်ငံများ၌ ယင်းအချက်အလက်တို့ကို ပြည်သူ့ကိုယ်စား ထိန်းသိမ်းထားရန် အစိုးရအား လုပ်ပိုင်ခွင့်နှင့် အရင်းအမြစ်များကို အပ်နှင်းထားခြင်းမျှသာ ဖြစ်လေ၏။ ရလဒ်အနေဖြင့် ကန့်သတ်ချွင်းချက်များ ရှိသည့်တိုင် အများပြည်သူတို့ထံ၌ ယင်းအချက်အလက်တို့ကို ရယူပိုင်ခွင့် ရှိရစမြဲပင် ဖြစ်လေ၏။

သတင်းအချက်အလက်ရယူပိုင်ခွင့်သည် နိုင်ငံတကာဥပဒေအောက်တွင် ကောင်းမွန်စွာ ပြဋ္ဌာန်းထားပြီးဖြစ်၏။ ဤအခွင့်အရေးသည် ၁၉၄၈ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံကို ကိုယ်စားပြုခဲ့သော နိုင်ငံအားလုံးက တညီတညွတ်တည်း အတည်ပြုခဲ့သည့် *အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း* (UDHR) ၌လည်း အခိုင်အမာ အခြေခံထားပြီးဖြစ်၏။ UDHR အပိုဒ် ၁၉ ၏ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုရေးသားခွင့်တွင် သတင်းအချက်အလက်များနှင့် အကြံဉာဏ်များကို "ရှာဖွေခွင့်" နှင့် "ရယူခွင့်" တို့အပြင် ယင်းတို့ကို ဖြန့်ဝေပိုင်ခွင့်ရှိကြောင်း ဖော်ပြထား၏။ သတင်းအချက်အလက်များနှင့် အကြံဉာဏ်များကို "ရှာဖွေခွင့်" နှင့် "ရယူခွင့်" တို့ကို နောက်ပိုင်းတွင် ၁၉၆၆ ခုနှစ်၌ လက်ခံကျင့်သုံးခဲ့သည့် UDHR ကို အခြေခံလျက် အသေးစိတ်ဖော်ပြထားသော တရားဝင် စည်းနှောင်ထားသည့် နိုင်ငံတကာ ပဋိညာဉ် နှစ်ခုအနက်မှ တစ်ခုဖြစ်သော "*အများပြည်သူနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းသော အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်စာချုပ်*" (ICCPR) ၏ အပိုဒ် ၁၉ တွင် ထည့်သွင်းဖော်ပြခဲ့၏။

၁၉၉၉ ခုနှစ်တွင် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုရေးသားခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က ICCPR အပိုဒ် ၁၉ သည် "အထူးသဖြင့် အချက်အလက်ထိန်းသိမ်းမှုနှင့် ပြန်လည်ရယူသည့်စနစ် အမျိုးအစားအားလုံးတွင် အစိုးရက ချုပ်ကိုင်ထားသော သတင်းအချက်အလက်များနှင့် ပတ်သက်၍ ယင်းတို့ကို ရယူရေး လက်လှမ်းမီမှု သေချာစေရန် နိုင်ငံများအတွက် အပြုသဘောဆောင်သော တာဝန်

[1] ဤလမ်းညွှန်စာအုပ်ကို Creative Commons Attribution-Non Commercial-ShareAlike 3.0 Unported Licence လိုင်စင်ဖြင့် ထုတ်ဝေသဖြင့် လွတ်လပ်စွာ ကူးယူ၊ ဖြန့်ဝေရန်, ပြသရန်နှင့် ဆက်စပ်သည်များကို ဖန်တီးလိုလျှင် သင့်အနေဖြင့် ဥပဒေနှင့်ဒီမိုကရေစီစင်တာအား ခရက်ဒစ်ပေးရန် လိုအပ်ပြီး စီးပွားဖြစ်အသုံးမပြုပါနှင့်။ ဤထုတ်ဝေမှုနှင့် ဆက်စပ်သော မည်သည့်လုပ်ဆောင်မှုမျိုးကိုမဆို ဤလိုင်စင်ဖြင့် ဖြန့်ဝေနိုင်သည်။ ဤလိုင်စင်မိတ္တူကိုကြည့်ရှုရန် ဤလိပ်စာသို့ ဝင်ရောက်ကြည့်ရှုပါရန် http://creativecommons.org/licenses/by-nc-sa/3.0/.

တစ်ရပ်" ချမှတ်ထားကြောင်း မှတ်ချက်ပြုခဲ့သည်။[2] သို့သော် အထွေထွေလူ့အခွင့်အရေးအဖြစ် သတင်းရယူပိုင်ခွင့်ကို အစောဆုံးအသိအမှတ်ပြုသည့် တရားစီရင်ရေးမှာ ၂၀၀၆ ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာ အမေရိကတိုက်နိုင်ငံများ၏ တရားရုံးက Claude-Reyes et al. နှင့် Chile နိုင်ငံအမှု ဖြစ်၏။ ထိုတရားရုံး၏ စီရင်ချက်တွင် ICCPR အပိုဒ် ၁၉ နှင့် ဆင်တူသော အမေရိကန်လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၁၃ ကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

> ယခုအမှု၏ ဖြစ်ရပ်မှန်များနှင့်စပ်လျဉ်း၍ "သတင်းအချက်အလက်" "ရှာဖွေရန်" နှင့် "ရယူရန်" တို့ကို အတိအလင်း ပြဋ္ဌာန်းပေးခြင်းဖြင့် သဘောတူစာချုပ်၏ အပိုဒ် ၁၃ သည် စာချုပ်တွင် သတ်မှတ်ထားသော ကန့်သတ်ချက်များဖြင့် ခွင့်ပြုထားသော ခြွင်းချက်များနှင့် နိုင်ငံတော်မှ ချုပ်ကိုင်ထားသော သတင်းအချက်အလက်များကို ရယူခွင့် တောင်းခံရန် လူတစ်ဦးချင်းစီ၏ အခွင့်အရေးကို အကာအကွယ်ပေးထားကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ဤအပိုဒ်သည် သတင်းအချက်အလက်များကို လက်ခံရရှိရန် လူတစ်ဦးချင်းစီ၏ အခွင့်အရေးနှင့် ၎င်းတို့ကို ပေးအပ်ရန် နိုင်ငံတော်၏ အပြုသဘောဆောင်သော တာဝန်ဝတ္တရားများကို ကာကွယ်ပေးထားသည်။ သို့မှသာ သဘောတူစာချုပ်က ခွင့်ပြုထားသော မည်သည့် အကြောင်းပြချက်ကြောင့်မဆို သီးခြားကိစ္စရပ်တစ်ခုတွင် သတင်းအချက်အလက်များ ဝင်ရောက်ကြည့်ရှုခွင့်ကို နိုင်ငံတော်အား ကန့်သတ်ခွင့်ပြုသောအခါ လူတစ်ဦးချင်းစီက ထိုအချက်အလက်များကို ဝင်ရောက်ကြည့်ရှုခွင့် သို့မဟုတ် မှျတသော အဖြေတစ်ခု ရရှိစေမည်ဖြစ်သည်။ တရားဝင်ကန့်သတ်ချက် တစ်ခုခုကြောင့်မှအပ သတင်းအချက်အလက်ကိုရယူရန်အတွက် တိုက်ရိုက်အကျိုးသက်ရောက်မှု သို့မဟုတ် ကိုယ်ရေးကိုယ်တာ ပါဝင်ပတ်သက်မှုကို သက်သေပြရန်မလိုအပ်ဘဲ အချက်အလက်ကို ပံ့ပိုးပေးသင့်သည်။[3]

လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီဟူသော အဖွဲ့အစည်းနှစ်ရပ်စလုံးက သတင်းရယူပိုင်ခွင့်ကို နောက်ပိုင်းတွင် အသိအမှတ်ပြုခဲ့ပြီး၊ ၂၀၁၁ ခုနှစ် အထွေထွေမှတ်ချက်တွင် "အပိုဒ် ၁၉၊ စာပိုဒ် ၂ သည် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများမှ ချုပ်ကိုင်ထားသော သတင်းအချက်အလက်များကို ရယူခွင့်အား လက်ခံသည်။ အချက်အလက်သိမ်းဆည်းထားသော ပုံစံ၊ သတင်းအရင်းအမြစ်နှင့် ထုတ်လုပ်သည့်ရက်စွဲတို့ မည်သို့ပင် ဖြစ်စေကာမူ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတစ်ခုက ချုပ်ကိုင်ထားသော မှတ်တမ်းများ ပါဝင်သည်။"[4]

---

[2] Report of the UN Special Rapporteur on the protection and promotion of the right to freedom of opinion and expression, 29 January 1999, E/CN.4/1999/64, para. 12, https://undocs.org/en/E/CN.4/1999/64.

[3] *Claude Reyes and Others v. Chile*, 19 September 2006, Series C., No. 151, para. 77, http://www.corteidh. or.cr/docs/casos/articulos/seriec_151_ing.pdf.

[4] UN Human Rights Committee, *General Comment No. 34: Article 19: Freedoms of opinion and expression*, 12 September 2011, CCPR/G/GC/34, para. 18, https://www2.ohchr.org/english/bodies/hrc/docs/gc34.pdf.

သတင်းအချက်အလက် ရယူပိုင်ခွင့် ဥပဒေများကို လက်ခံသော နိုင်ငံအရေအတွက် တည်ငြိမ်စွာ တိုးတက်လာခြင်းနှင့်အတူ သတင်းအချက်အလက်ရယူပိုင်ခွင့်ကို နိုင်ငံတကာက အသိအမှတ်ပြုမှုသည် တွဲဖက်လျက် မြင့်တက်လာခဲ့သည်။ ၂၀၂၁ ခုနှစ်အကုန်တွင် နိုင်ငံပေါင်း ၁၂၀ နီးပါး၌ သတင်းအချက်အလက်ရယူပိုင်ခွင့် ဥပဒေကို လက်ခံကျင့်သုံးခဲ့ကြသည် (RTI အဆင့်သတ်မှတ်ချက်ကို www.RTI-Rating.org တွင် ကြည့်ပါ။)

## ၁။ သတင်းအချက်အလက် ရယူပိုင်ခွင့်၏ အရေးပါမှု

သတင်းအချက်အလက်ရယူပိုင်ခွင့်ကို လက်ခံကျင့်သုံးခြင်းသည် အရေးကြီးသော အကျိုးခံစားခွင့်များစွာကို ဆောင်ကြဉ်းပေးနိုင်၏။ ယင်းတို့အနက် တချို့ကို အောက်တွင်ဖော်ပြထားသည်။

### ၁၊ ၁။ ဒီမိုကရေစီနှင့် တာဝန်ခံမှု

ကျန်းမာကြံ့ခိုင်သော ဒီမိုကရေစီစနစ်အတွက် အများပြည်သူအကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သော သတင်းအချက်အလက်များကို လွတ်လပ်စွာ ရယူခွင့်သည် မရှိမဖြစ် လိုအပ်၏။ ဒီမိုကရေစီ၏ အဓိက လက္ခဏာတစ်ရပ်မှာ လူတစ်ဦးချင်းစီက ၎င်းတို့အပေါ် သက်ရောက်မှုရှိသော ကိစ္စရပ်များနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချရာ၌ ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်စွမ်း ရှိခြင်းပင်တည်း။ အိန္ဒိယတရားရုံးချုပ်၏ စီရင်ချက်တစ်ခုတွင် "လူ့အဖွဲ့အစည်းတစ်ရပ်သည် ဒီမိုကရေစီကို ၎င်း၏ယုံကြည်ချက်ဖြင့် လက်ခံရန် ရွေးချယ်သည့်နေရာ၌ နိုင်ငံသားများအနေဖြင့် ၎င်းတို့၏ အစိုးရသည် မည်သည့်တို့ကို လုပ်ဆောင်နေကြောင်း သိရှိသင့်၏" ဟူ၍ ဖော်ပြခဲ့သည်။ ဒီမိုကရေစီနိုင်ငံများတွင် ၎င်းတို့၏ခေါင်းဆောင်များကို တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းသာမက ပညာရေးနှင့် ကျန်းမာရေးကဲ့သို့သော ပြည်သူ့ဝန်ဆောင်မှုများအတွက် နိုင်ငံသားကြီးကြပ်ရေးအဖွဲ့များ၊ အဆိုပြုထားသော အစိုးရအစီအမံများ၊ လုပ်ဆောင်ချက်များ၊ မူဝါဒများ သို့မဟုတ် ဥပဒေများအပေါ် မှတ်ချက်ပေးခြင်းဆိုင်ရာ လုပ်ငန်းစနစ်များအပါအဝင် အမျိုးမျိုးသော ပူးပေါင်းပါဝင်မှု စနစ်များကို ချမှတ်ပေးထားသည်။ အရေးကြီးသည်မှာ ဤလုပ်ဆောင်မှုစနစ်များတွင် အစိုးရက သိမ်းဆည်းထားသော အချက်အလက်များအပါအဝင် နောက်ခံသတင်းအချက်အလက်များကို အချိန်မီ တိကျပြည့်စုံစွာ ရယူနိုင်ခြင်းမရှိလျှင် မည်သို့သော လုပ်ဆောင်မှုမျိုးကိုမျှ အဓိပ္ပါယ်ရှိရှိ ဆောင်ရွက်ရန် မဖြစ်နိုင်ချေ။

### ၁၊ ၂။ အခိုင်အမာ ဖွံ့ဖြိုးတိုးတက်မှု

သတင်းအချက်အလက်ရယူပိုင်ခွင့်ဆိုင်ရာဥပဒေများဖြင့် မြှင့်တင်ထားသော ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် ဖွံ့ဖြိုးတိုးတက်ရေးအစပျိုးအဆင့်အထိ လွှမ်းခြုံလျက်ရှိ၏။ ဤဥပဒေများဖြင့် မြှင့်တင်ထားသော ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် ဖွံ့ဖြိုးတိုးတက်ရေးပဏာမအဆင့်အထိ တိုးချဲ့လျက်ရှိ၏။ အကျိုးခံစားခွင့်ရှိသူများနှင့် ၎င်းတို့၏ပါဝင်ပတ်သက်မှုကို မြှင့်တင်ပေးခြင်းဖြင့် ပွင့်လင်းမြင်သာမှုရှိကာ ဒေသဖွံ့ဖြိုးရေးပဏာမ

အဆင့်၌ ပိုင်ဆိုင်မှု ပိုမိုရရှိစေသည်။ အပြန်အလှန်အားဖြင့် ယင်းသည် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များနှင့် ပရောဂျက်များကို အကောင်အထည်ဖော်ရာတွင် တိုးတက်စေရန်လည်း ကူညီပေးသည်။ ထို့အတူ ပိုမိုပွင့်လင်းမြင်သာမှုသည် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများအနေဖြင့် ယင်းတို့ ရည်ရွယ်သော ပန်းတိုင်များသို့ ရောက်ရှိစေရန်လည်း ထောက်ကူပေးနိုင်၏။

## ၁၊ ၃။ နိုင်ငံသားများနှင့်ဆက်ဆံရေး

အစိုးရများသည် ပိုမိုပွင့်လင်းလာသောအခါတွင် တရားဝင်မှုကို အခြေခံလျက် သတင်းအချက်အလက်များကို မျှဝေကြ၏။ (ဆိုလိုသည်မှာ ကိုယ်ရေးကိုယ်တာအဆက်အသွယ်များမှတစ်ဆင့် အလွတ်သဘောမဟုတ်ဘဲ သတင်းရယူပိုင်ခွင့်ဥပဒေအောက်တွင်) ကောလာဟလများကို ကန့်သတ်ထားနိုင်ပြီး လူ့အဖွဲ့အစည်းအတွင်း ပျံ့နှံ့နေသော သတင်းအချက်အလက်များအတွက် ပိုမိုခိုင်မာသောအခြေခံတစ်ရပ်ကို တည်ဆောက်နိုင်၏။ အပြန်အလှန်အားဖြင့် ယုံကြည်မှုနှင့် သတင်းအချက်အလက်များအပေါ်အခြေခံ၍ နိုင်ငံသားများနှင့် အစိုးရတို့အကြား ပိုမိုကောင်းမွန်သော လွှမ်းခြုံဆက်ဆံရေးစနစ်ကို တည်ဆောက်ရန် ကူညီပေးနိုင်မည်ဖြစ်၏။

## ၁၊ ၄။ တာဝန်ခံမှု

တာဝန်ခံမှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်သည် ဒီမိုကရေစီနိုင်ငံအားလုံးအတွက် အဓိကတန်ဖိုးများဖြစ်ပြီး ပြည်သူတို့၏ ယုံကြည်မှုကို တည်ဆောက်ရန်နှင့် အုပ်ချုပ်ရေးစနစ်ထဲသို့ ပိုမိုပွင့်လင်းစွာ ပါဝင်နိုင်သော အသွင်ကူးပြောင်းမှုလက္ခဏာကို ဖော်ပြရန် မရှိမဖြစ် လိုအပ်၏။ တာဝန်ခံမှု၏ အနှစ်သာရမှာ ပြည်သူလူထုသည် ၎င်းတို့ ခေါင်းဆောင်များ၏ လုပ်ဆောင်ချက်များကို စိစစ်ပိုင်ခွင့်နှင့် အခြေအတင်ဆွေးနွေးပိုင်ခွင့်တို့အပြင် အစိုးရ၏ စွမ်းဆောင်ရည်ကိုလည်း အကဲဖြတ်ပိုင်ခွင့် ရှိသည်။ သို့သော် ယင်းရပိုင်ခွင့်များသည် စီးပွားရေး, လူမှုရေးစနစ်များ, အလုပ်လက်မဲ့ပြဿနာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်ချက်များစသည့် ပြည်သူလူထု စိုးရိမ်ကြောင့်ကြသော အရေးကြီးကိစ္စများနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကို ရယူနိုင်မှသာ ဖြစ်နိုင်၏။

ထို့အပြင် မြန်မာနိုင်ငံအတွက်မူ သတင်းအချက်အလက်ရယူပိုင်ခွင့်မှာ အတိတ်က အလွဲသုံးစားမှုများကို တွက်ချက်ခြင်းနှင့် တရားဥပဒေစိုးမိုးရေးကို ပြန်လည်အတည်ပြုခြင်း နှစ်မျိုးလုံးအတွက် နည်းလမ်းတစ်ခုအဖြစ် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့် စပ်လျဉ်း၍ အထူး မှတ်သားဖွယ်ကောင်း၏။ သီးခြားလွတ်လပ်သော ကျွမ်းကျင်ပညာရှင် Diane Orentlicher က ၂၀၀၅ ခုနှစ်တွင် အောက်ပါအတိုင်း မှတ်ချက်ချခဲ့သည်။

> ဆိုးဆိုးရွားရွား ရာဇဝတ်မှုများ ကျူးလွန်ခြင်းနှင့် ကြီးမားသော သို့မဟုတ် စနစ်ကျသော ချိုးဖောက်မှုများမှတစ်ဆင့် ထိုရာဇဝတ်မှုများကျူးလွန်ရန် ဦးတည်စေသော အခြေအနေများ, အကြောင်းရင်းများနှင့်

> စပ်လျဉ်းသော အတိတ်ဖြစ်ရပ်များ၏ အချက်အလက်အမှန်ကို သိရန်အတွက် မည်သူကမျှ မပယ်ဖျက်နိုင်သော ရပိုင်ခွင့်သည် လူတိုင်း၌ ရှိလေ၏။ အမှန်တရားကို သိပိုင်ခွင့်အား အပြည့်အဝ ထိရောက်စွာ ကျင့်သုံးခြင်းဖြင့်ထပ်တလဲလဲ ချိုးဖောက်မှုများမှ အရေးပါသော ကာကွယ်မှုတစ်ခုကို ပေးစွမ်းနိုင်၏။[5]

မကြာသေးမီကပင် သတင်းအချက်အလက်ရယူပိုင်ခွင့်နှင့် နီးကပ်စွာဆက်စပ်နေသော အမှန်တရားကို သိရှိပိုင်ခွင့်အား လူ့အခွင့်အရေးဆိုင်ရာ အမေရိကတိုက်နိုင်ငံများ၏ တရားရုံးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး နှစ်ခုလုံးက အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု အခြေအနေများတွင် အတည်ပြုခဲ့သည်။

## ၁၊ ၅။ အုပ်ချုပ်ရေးနှင့် အဖွဲ့အစည်းလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း

သတင်းအချက်အလက်စနစ်များ ရယူပိုင်ခွင့်ကို ထိရောက်စွာအကောင်အထည်ဖော်ရာ၌ အချို့သော အရင်းအမြစ်များ လိုအပ်သော်လည်း လူထုကြီးကြပ်မှုကို တိုးမြှင့်ပေးခြင်းဖြင့် အဆိုပါစနစ်များ၏ ထိရောက်မှုကိုလည်း မြှင့်တင်ပေးနိုင်ကြောင်း အထောက်အထားများရှိ၏။ လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးရာ၌ "မျက်လုံးသစ်များ" အစုံလိုက် ရှိခြင်းက ယင်းတို့ကို မြှင့်တင်ရန်အတွက် အသုံးဝင်သော သွင်းအားစုများကို ဖြစ်ပေါ်စေနိုင်၏။ အပြုသဘောဆောင်သော ဝေဖန်ချက်များသည် အမြဲတစေ ကျေနပ်လက်ခံဖွယ် မဟုတ်သော်လည်း အပြုသဘောဆောင်သော ပြောင်းလဲမှုများကို ဖော်ဆောင်ဖို့ရန် အရေးကြီးလှ၏။ ထို့အပြင် သတင်းအချက်အလက်စနစ်ကို လည်ပတ်ပိုင်ခွင့်ဖြင့် လူထု၏တာဝန်ခံမှုကို မြှင့်တင်ပေးခြင်းသည် ထိရောက်မှုနှင့် အရင်းအမြစ်စီမံခန့်ခွဲမှုအပေါ် ဝန်ထမ်းများ၏ သဘောထားများအပေါ် သက်ရောက်မှုများ ရှိနိုင်၏။ ဝန်ထမ်းတစ်ဦးသည် ၎င်းတို့၏ ကြီးကြပ်ရေးမှူးက အနီးတွင် ရပ်နေပါက ပို၍ အလုပ်ကြိုးစားနိုင်သည် ဆိုသည့်အတိုင်းပင် အရာရှိတစ်ဦး၏ လုပ်ဆောင်မှုများသည် အများပြည်သူက ကြည့်ရှုစစ်ဆေးခြင်းခံအပ်သည် ဟူသော အသိဉာဏ်က ၎င်းတို့၏လုပ်ငန်းတွင် ပိုမိုဂရုစိုက်၍ တရားမျှတမှု ရှိစေရန်နှင့် ပြည်သူ့အရင်းအမြစ်များကို မည်ကဲ့သို့သုံးစွဲသည်ကို ပိုမို ဂရုစိုက်ရန် ဦးတည်ဆောင်ရွက်စေနိုင်မည်။

## ၁၊ ၆။ ဂုဏ်သိက္ခာနှင့် ပုဂ္ဂလရည်မှန်းချက်များ

ပြည်သူ့အာဏာပိုင်များက ထိန်းချုပ်ထားသော မိမိကိုယ်တိုင်နှင့်ပတ်သက်သော အချက်အလက်များကို ရယူပိုင်ခွင့်သည် လူတစ်ဦး၏ အခြေခံလူ့ဂုဏ်သိက္ခာ တစ်စိတ်တစ်ဒေသပင် ဖြစ်၏။ ယင်းသည် ပုဂ္ဂိုလ်ရေးအရ ဆုံးဖြတ်ချက်များချရာတွင်လည်း အထောက်အကူဖြစ်စေနိုင်၏။ ဥပမာအားဖြင့် လူတစ်ဦးချင်းစီက ၎င်းတို့၏ ဆေးဘက်ဆိုင်ရာ မှတ်တမ်းများကို မရယူနိုင်ပါက ဆေးကုသမှု၊ ငွေကြေးဆိုင်ရာ အစီအစဉ်ဆွဲခြင်း

[5] Report of the independent expert to update the Set of principles to combat impunity, Diane Orentlicher: Addendum, Updated Set of principles for the protection and promotion of human rights through action to combat impunity, 8 February 2005, E/CN.4/2005/102/Add.1, Principle 2, https://undocs.org/E/CN.4/2005/102/Add.1.

အစရှိသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်မဟုတ်ပေ။ သတင်းအချက်အလက် တောင်းခံပိုင်ခွင့်သည် လူတစ်ဦး၏ အသိုက်အဝန်းနှင့် ပတ်သက်သော ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များကဲ့သို့သော လူတစ်ဦး၏ ကျန်းမာရေး သို့မဟုတ် အသက်မွေးဝမ်းကျောင်းမှုကို တိုက်ရိုက် သက်ရောက်မှုစေသည့် အချက်အလက်များကိုလည်း ထုတ်ဖော်ပြနိုင်၏။

## ၁၊ ၇။ စီးပွားရေးနှင့် စီးပွားရေးလုပ်ငန်းမှ အကျိုးအမြတ်များ

ပြည်သူ့အာဏာပိုင်များသည် စီးပွားရေးလုပ်ငန်းများကို ကောင်းမွန်စွာ အသုံးချနိုင်သော စီးပွားရေးကိစ္စရပ်များ သို့မဟုတ် လူမှုရေး. ဦးတည်ချက်လားရာများနှင့် သက်ဆိုင်သမျှ ကျယ်ပြန့်သည့် ကိစ္စရပ်များအတွက် သတင်းအချက်အလတ်အများအပြားကို စုဆောင်းထိန်းသိမ်းထားရှိ၏။ ယင်းမှာ အရေးကြီးသော အကျိုးအမြတ်တစ်ခုဖြစ်ပြီး သတင်းအချက်အလက်ရယူခွင့်ဥပဒေပြုရေးကို အကောင်အထည်ဖော်ရာတွင် ကုန်ကျစရိတ်ကြီးမြင့်မှုနှင့်ပတ်သက်၍ မကြာခဏပြောဆိုလေ့ရှိသည့် စိုးရိမ်မှုများကိုလည်း တုံ့ပြန်ကူညီပေးရာရောက်၏။ သတင်းအချက်အလက်တောင်းဆိုပိုင်ခွင့်အရ ထုတ်ပြန်သော သတင်းအချက်အလက်တို့၏ စီးပွားရေးတန်ဖိုးကို ဒေါ်လာ ဘီလီယံပေါင်းများစွာ အကဲဖြတ်ထား၏။

ပွင့်လင်းမြင်သာမှုအတွက် အခြားစီးပွားရေးအကျိုးအမြတ်တစ်ခုမှာ ပိုမိုထိရောက်ပြီး အပြိုင်အဆိုင်စာချုပ်ချုပ်သော ပုံစံဖြင့် ပေါ်လာတတ်၏။ တင်ဒါခေါ်ယူမှုကို တုံ့ပြန်သည့်အနေဖြင့် လက်ခံရရှိသော လေလံများနှင့်ပတ်သက်သည့် အကြောင်းအရာများကို ပွင့်လင်းစွာ သဘောတူစာချုပ်ချုပ်ဆိုခြင်းကို အွန်လိုင်းတွင် တင်ခြင်းသည် ပိုမို၍ ရေပန်းစားလာ၏။ သဘောတူစာချုပ်များသည် အပြိုင်အဆိုင်အရှိဆုံးလေလံများကို တရားမျှတစွာ ပေးအပ်ကြောင်း သေချာစေခြင်းဖြင့် အချိန်ကြာလာသည်နှင့်အမျှ ကုန်ကျစရိတ်များကို လျှော့ချနိုင်ရန် အလားအလာရှိလာသောကြောင့်လည်း ဖြစ်၏။

## ၁၊ ၈။ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်း

သတင်းအချက်အလက်ရယူပိုင်ခွင့်နှင့် ဆက်စပ်သော အမြတ်အစွန်းအရှိဆုံး အကျိုးကျေးဇူးများထဲမှတစ်ခုမှာ အကျင့်ပျက်ခြစားမှုနှင့် အစိုးရ၏ အခြားမှားယွင်းမှုပုံစံများကို တိုက်ဖျက်ရန် အခွင့်အာဏာရှိခြင်းပင် ဖြစ်၏။ ၂၀၀၃ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ၏ နိဒါန်းတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့အစည်းဖြစ်သော Transparency International သည် သတင်းအချက်အလက်ရယူပိုင်ခွင့်ကို "အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အရေးကြီးဆုံး လက်နက်ဖြစ်ကောင်း ဖြစ်နိုင်သည်" ဟူ၍ပင် ဖော်ပြခဲ့ပြီး ထိုအဖွဲ့အစည်းသည် သတင်းအချက်အလက်ရယူပိုင်ခွင့်ကို ၎င်း၏ လုပ်ငန်းအတွက် ဦးစားပေးကိစ္စတစ်ခုအဖြစ် ဆက်လက် ရှုမြင်ထားဆဲဖြစ်၏။ စုံစမ်းထောက်လှမ်းရေးသတင်းထောက်များ, စောင့်ကြည့်ရေး NGO များနှင့် အတိုက်အခံ နိုင်ငံရေးသမားများအပါအဝင် ကွဲပြားသော လူမှုရေးအကျိုးဆောင်များသည် သတင်း

အချက်အလက်ရယူပိုင်ခွင့်ဥပဒေကို ၎င်းတို့လက်လှမ်းမီနိုင်မည်မဟုတ်သည့် သတင်းအချက်အလက်များ ရယူရန်နှင့် အမှားအယွင်းများကို ဖော်ထုတ်ရန်အတွက် အသုံးပြုနိုင်သည်။

## ၂။ သတင်းအချက်အလက်ရယူပိုင်ခွင့်ကို အကောင်အထည်ဖော်ခြင်း

သတင်းအချက်အလက်ရယူပိုင်ခွင့်ကို အကျိုးသက်ရောက်စေရေးအတွက် နိုင်ငံများတွင် မည်ကဲ့သို့ ကျင့်သုံးရမည်ကို ဖော်ပြရန် ဥပဒေများကို ရှင်းလင်းစွာ အကောင်အထည်ဖော်ရန် လိုအပ်၏။ အကောင်းဆုံးကတော့ ဥပဒေပြုခြင်းသည် သတင်းအချက်အလက်ရယူရန် "ရပိုင်ခွင့်" တစ်ခုအဖြစ် ထိုကိစ္စကို အတိအလင်း ဘောင်ခတ်သင့်ခြင်းပင်ဖြစ်၏။ သို့သော် ယင်းကို လုပ်ထုံးလုပ်နည်းဆိုင်ရာ ရပိုင်ခွင့်တစ်ခုအဖြစ်လည်း ဖော်ပြနိုင်သည် ("လူတိုင်းသည် သတင်းအချက်အလက်အတွက် တောင်းဆိုမှုတစ်ခု ပြုလုပ်နိုင်သည်" ဟု ဆိုလို၏)။ အကောင်းဆုံးကျင့်သုံးမှုမှာ ယင်းကို အဓိက အဆင့်အတန်းသို့ ပို့ဆောင်လျက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အာမခံချက်အဖြစ် ထိုရပိုင်ခွင့်ကို ပြဋ္ဌာန်းရန်နှင့် ယင်းမှာ လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး ဥပဒေပြုရေးအား ထိခိုက်ကျဆင်းစေခြင်းမရှိကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြရန်ဖြစ်သည်။

သတင်းအချက်အလက်ရယူပိုင်ခွင့်သည် အကန့်အသတ်ခြွင်းချက်ဖြင့် အမြင့်ဆုံးထုတ်ဖော်မှုနိယာမအပေါ် အခြေခံထား၏။ အမြင့်ဆုံးထုတ်ဖော်မှုဆိုသည်မှာ နိုင်ငံများက အခြေခံအားဖြင့် တတ်နိုင်သမျှ သတင်းအချက်အလက်များစွာကို လူသိရှင်ကြားရရှိနိုင်စေရန် ကြိုးပမ်းသင့်ပြီး အချက်အလက်ရယူခွင့်ပေးသည့် ပြဋ္ဌာန်းချက်များကို တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ကောက်ယူသင့်သည်ဟု ဆိုလိုသည်။

သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေများအရ ယင်းကို လက်တွေ့ကျင့်သုံးစဉ် ဤရပိုင်ခွင့်ကို ကျင့်သုံးအပ်သော နည်းလမ်းနှစ်သွယ် ရှိလေ၏။

- တုံ့ပြန်မှု သို့မဟုတ် တုံ့ပြန်မှုဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးခြင်း - မည်သူမဆို မိမိအလိုရှိသော သတင်းအချက်အလက်အတွက် ပြည်သူ့အာဏာပိုင်များထံ တောင်းဆိုနိုင်သည်။ အာဏာပိုင်များသည် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ တောင်းဆိုသူထံ အချက်အလက်များကို ပေးပို့ရမည်။
- သတင်းအချက်အလက်များကို တက်ကြွစွာ ပံ့ပိုးပေးခြင်း - ပြည်သူ့အာဏာပိုင်များသည် ထိုသတင်းအချက်အလက်အတွက် သီးခြားတောင်းဆိုမှုမရှိလျှင်ပင် အဓိကသတင်းအချက်အလက်အမျိုးအစားများကို ထုတ်ပြန်သင့်၏။ သို့မှသာ လူတိုင်းဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

သတင်းအချက်အလက်များကို တက်ကြွစွာ ထုတ်ဝေခြင်းသည် သတင်းရယူပိုင်ခွင့်၏ အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည်။ ဒစ်ဂျစ်တယ်ခေတ်တွင် ပွင့်လင်းမြင်သာသောအစိုးရအဖြစ် သတင်းအချက်အလက်များကို အင်တာနက်မှတစ်ဆင့် တတ်နိုင်သမျှ တတ်နိုင်သမျှ ဖော်ပြပေးရန် အလေးထားလာပြီဖြစ်၏။ ပြည်သူများ

သတင်းအချက်အလက်ရယူမှု ပိုမိုအဆင်ပြေချောမွေ့စေရေးအပြင် တက်ကြွစွာ သတင်းအချက်အလက် ထုတ် ဝေခြင်းသည် ပြည်သူ့အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုခြင်းဖြစ်ပြီး၊ အထူးသဖြင့် သတင်းအချက် အလက်ရပိုင်ခွင့် တောင်းဆိုမှုတစ်ခု၏ အကြောင်းရင်း ဖြစ်နိုင်ဖွယ်ရှိသော အချက်အလက်မျိုးကို ဆိုဆိုသည်။ စာရွက်စာတမ်းတစ်စောင်ကို အွန်လိုင်းတွင် ထုတ်ဝေလိုက်ခြင်းသည် ယင်းအတွက် တောင်းဆိုချက်တစ်ခုကို တုံ့ပြန်ရန်ထက်ပင် ပို၍ လွယ်ကူ၏။

သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေ၏ နယ်ပယ်သည် ကျယ်ပြန့်ပြီး ယင်း၏သိမ်းဆည်းမှုကြားခံမပါဝင်ဘဲ မှတ်တမ်းတင်ထားသော အချက်အလက်အားလုံးကို အကျုံးဝင်စေသင့်၏။ ယင်းဥပဒေကို အစိုးရအဖွဲ့ အစည်းများနှင့် အစိုးရအရာရှိများ ထိန်းချုပ်ထားသောမှတ်တမ်းများအားလုံးနှင့် ၎င်းတို့၏ တရားဝင်လုပ် ဆောင်ချက်များအားလုံးအတွက် အသုံးချသင့်သည်။ အကောင်းဆုံး ကျင့်သုံးမှုမှာ ဤဥပဒေသည် စာရွက် စာတမ်းများသာမက စာရွက်စာတမ်းတစ်ခုတွင်ပါရှိသည့် အချက်အလက်များနှင့်ပါ သက်ဆိုင်ကြောင်း ရှင်းလင်းစွာ ဖော်ပြရန်ဖြစ်၏။ အဖွဲ့အစည်းများဟူသော အချက်အရ ဤဥပဒေသည် အစိုးရ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်၊ အစိုးရအဖွဲ့အစည်းအဆင့်များ အားလုံး (ဗဟိုသာမက တိုင်းဒေသ ကြီး၊ ပြည်နယ်၊ ခရိုင်စသည်တို့)နှင့် လည်းကောင်း၊ သတင်းအချက်အလက်ကော်မရှင်များနှင့် နိုင်ငံတော်မှ ငွေကြေးထောက်ပံ့သော သို့မဟုတ် အများပြည်သူဆိုင်ရာ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေသည့် ကုမ္ပဏီများနှင့် အခြားပုဂ္ဂလိကအဖွဲ့အစည်းများ အပါအဝင် အခြားအဖွဲ့အစည်းများ စသည့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအပါအဝင် ပြည်သူ့ အာဏာပိုင်များက ပိုင်ဆိုင်သော သို့မဟုတ် ချုပ်ကိုင်ထားသည့် အဖွဲ့အစည်းများ၊ ဥပဒေအရ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဖန်တီးထားသည့် အဖွဲ့အစည်း များနှင့်လည်းကောင်း သက်ဆိုင်သင့်၏။

ဤဥပဒေတွင် သတင်းအချက်အလက် တောင်းဆိုမှုများကို မည်သို့လုပ်ဆောင်နိုင်သည်ဟူသည့် ရှင်းလင်း သော လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းသင့်၏။ ယင်းမှာ စနစ်တစ်ခု၏ အောင်မြင်သော လုပ်ငန်းဆောင်တာ အတွက် အခြေခံလည်း ဖြစ်၏။ ဤအချက်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဤဥပဒေသည် သတင်းအချက် အလက် တောင်းခံမှုကို လွယ်ကူစေသင့်သည်။ အခြားအစိတ်အပိုင်းအနေဖြင့်မူ တောင်းဆိုမှုများကို တုံ့ပြန်ရန် အတွက် တင်းကျပ်သော စည်းမျဉ်းများ ချမှတ်သင့်၏။

အောက်ပါတို့သည် သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေတွင် ထည့်သွင်းသင့်သော အဓိက လုပ်ထုံး လုပ်နည်းစည်းမျဉ်းများဖြစ်၏။

- တောင်းဆိုသူများသည် ၎င်းတို့၏ တောင်းဆိုချက်များအတွက် အကြောင်းပြချက်ပေးရန် မလိုအပ် ချေ။
- (အီလက်ထရွန်နစ်စနစ်အပါအဝင်) ဆက်သွယ်ရေးနည်းလမ်းတစ်ခုတည်းအတွက် ကန့်သတ်မထား သင့်သော တောင်းဆိုမှုတစ်ခုပြုလုပ်ရန် လုပ်ငန်းစဉ်မှာ ရိုးရှင်းလွယ်ကူစေသင့်၏။ တောင်းဆိုချက်

တစ်ခုခု၌ အချက်အလက်ရှာဖွေသူထံ ပေးပို့ရန် သတင်းအချက်အလက်နှင့် လိပ်စာပုံစံအချို့ကို ရှင်းလင်းစွာ ဖော်ပြရန်သာ လိုအပ်ရမည်။

- တောင်းဆိုသူများအား ၎င်းတို့၏တောင်းဆိုမှုများကို ပုံဖော်ရန် သို့မဟုတ် အထူးလိုအပ်ချက်များကြောင့် တောင်းဆိုချက် တင်သွင်းရန် လိုအပ်သော နေရာများ, ဥပမာအားဖြင့်- ၎င်းတို့သည် စာမတတ်သောကြောင့် သို့မဟုတ် မသန်စွမ်းသောကြောင့် ၎င်းတို့ကို ကူညီပံ့ပိုးပေးရန် ပြည်သူ့အရာရှိများ လိုအပ်သည်။
- လုပ်ငန်းဆောင်ရွက်ချိန်ငါးရက်ထက် မကျော်လွန်သော သင့်လျော်သည့် အချိန်ကာလတစ်ခုအတွင်း တောင်းဆိုမှုကို လက်ခံရရှိသည့်အခါ တောင်းဆိုသူများထံ လက်ခံရရှိကြောင်း ပြေစာ သို့မဟုတ် အသိအမှတ်ပြုစာ ပေးပို့ရမည်။
- အချက်အလက်ကို သိမ်းဆည်းထားခြင်းမရှိကြောင်း တောင်းဆိုသူအား အသိပေးရန် လိုအပ်ချက်တစ်ခု အပါအဝင် ပြည်သူ့အာဏာပိုင်တစ်ဦးထံ တောင်းဆိုထားသော အချက်အလက်များမရှိသည့်ကိစ္စများအတွက်လည်းကောင်း၊ သတင်းအချက်အလက်ရှိသော အခြားအာဏာပိုင်တစ်ဦးကို သိရှိထားသည့် ပထမဆုံး ပြည်သူ့အာဏာပိုင်က ထိုတောင်းဆိုချက်ကို အခြားပြည်သူ့အာဏာပိုင်ထံ လွှဲပြောင်းပေးရန်အတွက်လည်းကောင်း စည်းမျဉ်းများ ရှင်းလင်းစွာ ပြဋ္ဌာန်းထားသင့်၏။
- သတင်းအချက်အလက်ရယူပုံ (ဥပမာ- စာရွက် သို့မဟုတ် အီလက်ထရွန်းနစ်မိတ္တူရယူခြင်း၊ စာရွက်စာတမ်းစစ်ဆေးခြင်း စသည်တို့)နှင့် စပ်လျဉ်း၍ တောင်းဆိုသူများ၏ လိုလားချက်များနှင့်အညီ တောင်းခံသော အကြောင်းအရာကို ဥပဒေကြောင်းအရ ရှင်းလင်းစေရန်နှင့် (ဥပမာ- မှတ်တမ်းတစ်ခုကို ကာကွယ်ရန်လိုအပ်ပါက) ကန့်သတ်ရန်စသည်တို့ကို ပြည်သူ့အာဏာပိုင်များက လိုက်နာဆောင်ရွက်ပေးရန် လိုအပ်၏။
- ပြည်သူ့အာဏာပိုင်များသည် တောင်းဆိုချက်များကို တတ်နိုင်သမျှ အမြန်ဆုံး တုံ့ပြန်ရန်နှင့် မည်သည့်အခြေအနေတွင်မဆို ရှင်းလင်းပြတ်သားပြီး ကျိုးကြောင်းဆီလျော်သော အများဆုံး အချိန်ဇယားအတိုင်း အကောင်းဆုံးမှာ ၁၀ ရက်အတွင်း တုံ့ပြန်ဆောင်ရွက်ပေးရန် လိုအပ်၏။ အချိန်ဇယား၌ ရက်တိုးချဲ့မှုများတွင် (၁၀-၁၅ ရက် သို့မဟုတ် အများဆုံး ရက် ၂၀ စသည်ဖြင့်) ရှင်းလင်းစွာ ကန့်သတ်ချက်များလည်း ရှိသင့်၏။
- တောင်းဆိုမှုများကို လွတ်လပ်စွာ အခမဲ့ ဆောင်ရွက်ခွင့်ရှိသင့်ပြီး ယင်းတို့ကို ပြန်လည်ထုတ်ဝေခြင်းနှင့် ပေးပို့ခြင်းတို့အတွက် ကုန်ကျစရိတ်ကန့်သတ်ချက်များ ရှိသဖြင့် အခကြေးငွေများနှင့်စပ်လျဉ်း၍ ဗဟိုမှ ရှင်းလင်းပြတ်သားစွာ ချမှတ်ထားသော စည်းမျဉ်းများ ရှိသင့်၏ (မိတ္တူကူးယူ ခြင်း/ပုံနှိပ်ခြင်းနှင့် စာပို့ခတို့အတွက် ကုန်ကျစရိတ်များကို ကန့်သတ်ထားသင့်သည်ဟူ၍ ဆိုလိုသည်)။ ထို့ကြောင့် စာရွက်စာတမ်းများနှင့် အီလက်ထရွန်းနစ်မိတ္တူများကို အခမဲ့စစ်ဆေးခွင့် ရသင့်၏။ အပြစ်ကင်းသော တောင်းဆိုသူများအတွက် အခကြေးငွေကိုလည်း လျှော့ပေါ့ပေးသင့်သည်။

- (ပြည်သူ့အာဏာပိုင်တစ်ဦးမဟုတ်သော) ပြင်ပကြားခံအဖွဲ့အစည်းက သတင်းအချက်အလက်အပေါ် တရားဝင်ကာကွယ်ပိုင်ခွင့်အား ကိုင်ဆောင်ထားခြင်းမျိုးမှအပ ပြည်သူ့အာဏာပိုင်များထံမှ ရရှိသော သတင်းအချက်အလက်များ ပြန်လည်အသုံးပြုမှုအတွက်မည်သည့် ကန့်သတ်ချက်နှင့် ကုန်ကျစရိတ်မျှ မရှိစေသင့်။.

## ၃။ သတင်းအချက်အလက်ရယူပိုင်ခွင့်အတွက် ခြွင်းချက်များ

သတင်းအချက်အလက်ရယူပိုင်ခွင့်သည် အကြွင်းမဲ့မဟုတ်ကြောင်းနှင့် အချို့သော သတင်းအမျိုးအစားများသည် ယင်းကို တောင်းဆိုသူတိုင်းအား ထုတ်ဖော်ပြသရန် မသင့်ကြောင်း တစ်ကမ္ဘာလုံးက လက်ခံအသိအမှတ်ပြုထား၏။ သတင်းအချက်အလက်ရယူပိုင်ခွင့်၏ နောက်ကွယ်မှ အဓိက အယူအဆတစ်ရပ်မှာ အချက်အလက်ရယူပိုင်ခွင့်သည် ပုံသေကားကျ သို့မဟုတ် ယူဆထားသော အနေအထားဖြစ်ပြီး အချက်အလက်ပေးရန် ငြင်းဆိုမှုတိုင်းသည် သဘာဝအလျောက် ခြွင်းချက်ရှိတတ်၏။ အချက်အလက်လက်လှမ်းမီမှုအတွက် ယူဆချက်တစ်ခု ဖန်တီးခြင်း၏ အရေးကြီးသော အကျိုးဆက်များထဲမှ တစ်ခုမှာ ပြည်သူ့အာဏာပိုင်များသည် သတင်းအချက်အလက်များကို အများသူငါထံ ထုတ်ဖော်ရန် ငြင်းဆိုမှု မှန်သမျှကို တရားမျှတအောင် လုပ်ဆောင်ရမည်ဟူသော အချက် ဖြစ်၏။

သတင်းအချက်အလက် ရယူပိုင်ခွင့်သည် အပြည်ပြည်ဆိုင်ရာဥပဒေအရ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ရှာဖွေခွင့်နှင့် လက်ခံရယူပိုင်ခွင့်များအပြင် သတင်းအချက်အလက်နှင့် အကြံဉာဏ်များ ဖြန့်ဝေခွင့်တို့ကိုလည်း ကာကွယ်ပေး၏။ ထို့ကြောင့် သတင်းအချက်အလက် ရယူပိုင်ခွင့်ဆိုင်ရာ ခြွင်းချက်များသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်ချက်များအတွက် အပိုင်းသုံးပိုင်းစမ်းသပ်မှုဖြင့် စမ်းသပ်ရန် လိုအပ်၏။

- ဥပဒေအရ ထောက်ပံ့မှု ရှိရမည်။
- နိုင်ငံတကာဥပဒေအောက်တွင် ဖော်ပြထားသော အကျိုးစီးပွားများထဲမှ တစ်ခုကို ကာကွယ်စောင့်ရှောက်ခြင်းနှင့်
- ဤအကျိုးစီးပွားကို ကာကွယ်ရန် လိုအပ်သည်။

ဤစစ်ဆေးမှု၏ ဒုတိယအပိုင်းအရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်ချက်များသည် ICCPR ၏ အပိုဒ် ၁၉(၃) တွင်ဖော်ပြထားသော ဦးတည်ချက်များထဲမှ တစ်ခုကို ကာကွယ်ရန် ရည်ရွယ်ချက်ရှိရမည်ဟု ဆိုလိုသည်။ အစိုးရများက ဤစာရင်းတွင် ထပ်မံမဖြည့်စွက်နိုင်သောကြောင့် ပြီးပြည့်စုံသော ဤစာရင်းတွင် အောက်ပါ အကျိုးစီးပွားများသာ ပါဝင်၏။

(၁) အခြားသူများ၏အခွင့်အရေးများ သို့မဟုတ် ဂုဏ်သတင်းများ၊

(၂) နိုင်ငံတော်လုံခြုံရေး၊

(၃) လူထုအမိန့်နှင့်

(၄) ပြည်သူ့ကျန်းမာရေးနှင့်ကိုယ်ကျင့်တရား။

သတင်းအချက်အလက်ရယူပိုင်ခွင့်အခြေအနေတွင် ယင်းကို အပိုင်းသုံးပိုင်းစမ်းသပ်မှုနှင့် ပြည့်မီစေရန် ခွင်းချက်လိုအပ်သည်ဟု ယေဘုယျအားဖြင့် နားလည်ထားကြ၏။

(က) ကန့်သတ်ချက်သည် အထက်ဖော်ပြပါ ကာကွယ်ထားသော အကျိုးစီးပွားများ စာရင်းနှင့် ကိုက်ညီသည့် ဥပဒေပါ ကန့်သတ်ထားသော အကျိုးစီးပွားများထဲမှ တစ်ခုကို ကာကွယ်ရန် ရည်ရွယ်ရမည်။

(ခ) ယင်း၏ ထုတ်ဖော်မှုသည် (အကျိုးစီးပွားတစ်ခုနှင့်သာ သက်ဆိုင်သော သတင်း အချက်အလက်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့်) ကာကွယ်ထားသော အကျိုးစီးပွားများထဲမှ တစ်ခုကို ထုတ်ဖော်ပြောဆိုမှသာ သတင်းအချက်အလက်ကို သိမ်းဆည်းထားနိုင်သည်။

(ဂ) အကာအကွယ်ပေးထားသော အကျိုးစီးပွားအတွက် ထိခိုက်နစ်နာမှုသည် ထုတ်ဖော်ခြင်း၏ အလုံးစုံအကျိုးခံစားခွင့်များ (အများပြည်သူဆိုင်ရာ အကျိုးစီးပွားကို အစားထိုးခြင်း) ထက် မကျော်လွန်ပါက အချက်အလက်ကို ထုတ်ဖော်ရမည်။

ဥရောပကောင်စီ (COE) ၏ စည်းမျဉ်း IV အရ အဖွဲ့ဝင်နိုင်ငံများသို့ တရားဝင်စာရွက်စာတမ်းများ ရယူပိုင်ခွင့်ဆိုင်ရာ ဝန်ကြီးများကော်မတီ၏ "တရားဝင် စာရွက်စာတမ်းများ ဝင်ရောက်ခွင့် ကန့်သတ်ချက်များ" ခေါင်းစဉ်ဖြင့် အကြံပြုချက်၌ အထက်တွင် ဖော်ပြထားသော စမ်းသပ်ချက်သည် လျှို့ဝှက်မှုဖြင့် ကာကွယ်ရန် လိုအပ်နိုင်သည့် အကျိုးစီးပွားအမျိုးအစားများကို ညွှန်ပြပေးကြောင်း ထင်ဟပ်နေ၏။ အောက်တွင် ဖတ်ရှုနိုင်ပါသည်။

၁။ အဖွဲ့ဝင်နိုင်ငံများသည် တရားဝင်စာရွက်စာတမ်းများ ရယူနိုင်ခွင့်ကို ကန့်သတ်နိုင်သည်။ ကန့်သတ်ချက်များကို ဥပဒေတွင် တိကျစွာသတ်မှတ်ထားသင့်ပြီး၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် လိုအပ်သဖြင့် ကာကွယ်ရန် ရည်ရွယ်ချက်နှင့် ကိုက်ညီအချိုးကျသင့်၏။

(၁) အမျိုးသားလုံခြုံရေး၊ ကာကွယ်ရေးနှင့် နိုင်ငံတကာဆက်ဆံရေး၊

(၂) အများပြည်သူဘေးကင်းရေး၊

(၃) ရာဇဝတ်မှုဆိုင်ရာ တားဆီးရေး၊ စုံစမ်းစစ်ဆေးရေးနှင့် တရားစွဲဆိုရေး၊

(၄) ကိုယ်ရေးကိုယ်တာနှင့် အခြားတရားဝင်ပုဂ္ဂလိကအကျိုးစီးပွားများ၊

(၅) ကူးသန်းရောင်းဝယ်ရေးနှင့် အခြားစီးပွားရေးအကျိုးအမြတ်များသည် ပုဂ္ဂလိက သို့မဟုတ် အများပိုင်ဖြစ်ခြင်း၊

(၆) တရားရုံးတရားစွဲဆိုမှုများနှင့်ပတ်သက်ပြီး သက်ဆိုင်သူများ၏ တန်းတူညီမျှမှု၊

(၇) သဘာဝတရား၊

(၈) ပြည်သူ့အာဏာပိုင်များက စစ်ဆေးခြင်း၊ ထိန်းချုပ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(၉) နိုင်ငံတော်၏ စီးပွားရေး၊ ငွေကြေးနှင့် ငွေလဲနှုန်းမူဝါဒများ၊

(၁၀) ကိစ္စရပ်တစ်ခု၏အတွင်းပိုင်းပြင်ဆင်မှုအတွင်း ပြည်သူ့အာဏာပိုင်များအတွင်း သို့မဟုတ် အချင်းချင်းအကြား ဆွေးနွေးညှိနှိုင်းမှုများ၏ လျှို့ဝှက်ချက်။ [6]

ဥပဒေတွင် စာရွက်စာတမ်းတစ်စိတ်တစ်ပိုင်းကိုသာ လျှို့ဝှက်ထားရာ ထိုအပိုင်းကို ဖယ်ရှားပြီး ကျန်စာရွက်စာတမ်းကို ထုတ်ဖော်နိုင်ရန် ဥပဒေ၌ ခွဲထွက်နိုင်မှုအပိုဒ်တစ်ခု ပါဝင်သင့်၏။ လျှို့ဝှက်ရေးအဖြစ် ယေဘုယျအားဖြင့် ယူဆနိုင်သော အချိန်ကန့်သတ်ချက်များလည်း ရှိသင့်၏။ (ဥပမာအားဖြင့် နှစ် ၂၀ သို့မဟုတ် ၃၀)။ ထို့နောက်တွင် စာရွက်စာတမ်းများသည် အများပြည်သူရှေ့မှောက်မှ ပျက်ကွယ်သွားကာ ဆက်လက်လျှို့ဝှက်ထားရန် အထူးလိုအပ်သည် (ထိုကိစ္စမျိုးအတွက် အထူးလုပ်ထုံးလုပ်နည်းအားဖြင့်သာ ဆုံးဖြတ်သင့်သည်)။ နောက်ဆုံးအနေဖြင့် သတင်းအချက်အလက်များ ရယူပိုင်ခွင့်ဥပဒေများသည် ၎င်းတို့က ထောက်ပံ့ထားသော အချက်အလက်များကို တောင်းဆိုထားသည့် အခြားကြားလူများနှင့် တိုင်ပင်ဆွေးနွေးရန်အတွက် ပံ့ပိုးပေးသင့်သည်။ ဤကိစ္စတွင် ၎င်းတို့သည် သတင်းအချက်အလက်များကို ထုတ်ဖော်ရန် သဘောတူနိုင်သည် သို့မဟုတ် ထုတ်ဖော်ရန်မသင့် စသည်ဖြင့် အကြောင်းရင်းကို သတင်းအချက်အလက်အရာရှိက ထည့်သွင်းစဉ်းစားသင့်၏။

## ၄။ အယူခံများ

သတင်းအချက်အလက်ရယူပိုင်ခွင့် ငြင်းပယ်ခံရသည့်အခါ သို့မဟုတ် အခြားဥပဒေချိုးဖောက်မှုများ ဖြစ်ပွားနိုင်သည့်အခါတွင် တစ်စုံတစ်ဦးသည် အများပြည်သူဆိုင်ရာ အခွင့်အာဏာပြင်ပတွင် ဆုံးဖြတ်ချက်ချမှတ်သူထံ ဝင်ရောက်ခွင့် ရှိရမည်ဖြစ်ကြောင်း နိုင်ငံတကာဥပဒေအရ ရှင်းလင်း မြင်သာ၏။ ပိုမိုကောင်းမွန်သော အလေ့အကျင့်မှာ အယူခံမှုအဆင့်သုံးဆင့်အတွက် ပံ့ပိုးပေးခြင်းဖြစ်သည်။ (ရုံးတွင်း၌ စုံစမ်းစစ်ဆေးရန် လုံလောက်သော အခွင့်အာဏာရှိသော သီးခြားလွတ်လပ်သော အုပ်ချုပ်ရေးအဖွဲ့ထံသို့လည်းကောင်း၊ စည်းနှောင်ထားသောအမိန့်များထုတ်ပြန်ခြင်းနှင့် တရားရုံးများဟူ၍ ရှိ၏။)

ဥပဒေသည် အယူခံများအတွက် ကျယ်ပြန့်သော အမာခံအခြေအနေများကို ပေးသင့်သည်။ အခြေခံအားဖြင့် တောင်းဆိုချက်များအား ဆောင်ရွက်ပေးခြင်းနှင့်စပ်လျဉ်းသည့် ဥပဒေပါ စည်းမျဉ်းများကို ချိုးဖောက်ခြင်းများအတွက် ဖြစ်၏။ ယင်း၌ အချက်အလက်ပေးရန် ငြင်းဆိုမှုများ သို့မဟုတ် ပျက်ကွက်မှုများ ပါဝင်သင့်ရုံမျှမက သတ်မှတ်အချိန်ကန့်သတ်ချက်ဘောင်အတွင်း တောင်းဆိုချက်ကို တုံ့ပြန်ရန် ပျက်ကွက်ခြင်းကဲ့သို့သော

[6] Recommendation Rec (2002)2 of the Committee of Ministers to the Member States on Access to Official Documents, para. IV, https://rm.coe.int/16804c6fcc.

မှားယွင်းသည့် သို့မဟုတ် မပြည့်စုံသည့် အချက်အလက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ကျူးလွန်ခြင်းတို့လည်း ပါဝင်သင့်၏။

နိုင်ငံအများအပြားတွင် အဆိုပါတောင်းဆိုချက်ကို မူလက ငြင်းဆိုထားသော တူညီသည့် ပြည်သူ့အာဏာပိုင်(တစ်ဦး)ထံ ရုံးတွင်းအယူခံဝင်ရန်အတွက် ဥပဒေက ပြဋ္ဌာန်းထားသည်။ ယင်းမှာ ပြဿနာများဖြေရှင်းရာ၌ ပြည်သူ့အာဏာပိုင်များကို ရုံးတွင်း၌ လျင်မြန်စွာ ဖြေရှင်းနိုင်ရေး ကူညီရန် အသုံးဝင်စေနိုင်၏။ အငယ်တန်းအရာရှိများအနေဖြင့် သတင်းအချက်အလက်များထုတ်ဖော်ရန် မကြာခဏ စိတ်အားထက်သန်ကြသော်လည်း အကြီးတန်းအရာရှိများသည် တခါတရံတွင် စိတ်ဝင်စားမှု နည်းပါးသောကြောင့်လည်း အသုံးဝင်နိုင်၏။

နိုင်ငံအများစုတွင် နောက်ဆုံး၌ တရားရုံးများသို့ အယူခံဝင်နိုင်၏။ ယင်းမှာ အရေးကြီးသော အယူခံအဆင့်ဖြစ်သောကြောင့် အဆုံးတွင် အထူးသဖြင့် ခြွင်းချက်များနှင့် ပတ်သက်သော ပိုမိုရှုပ်ထွေးပြီး ခက်ခဲသောဥပဒေမေးခွန်းများကို ဆုံးဖြတ်ရန် တစ်စုံတစ်ဦးအနေဖြင့် တရားရုံးများကို လိုအပ်၏။ ဤပြဿနာများကို လူ့အဖွဲ့အစည်းအတွင်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံနိုင်သော နည်းလမ်းများဖြင့် ဖြေရှင်းနိုင်ရန် တရားရုံးများရှေ့တွင် ပေါ်ပေါက်လာသည့် ကိစ္စရပ်များကို ပိုမိုပါဝင်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ပို၍ လိုအပ်၏။

အုပ်ချုပ်ရေးအဖွဲ့ (ဆိုလိုသည်မှာ သတင်းအချက်အလက်ကော်မရှင်) မတိုင်မီ လွတ်လပ်သော စီမံခန့်ခွဲရေးဆိုင်ရာ အယူခံမှုအဆင့်သည် တောင်းဆိုသူများကို လက်လှမ်းမီနိုင်သော၊ လျင်မြန်ပြီး ကုန်ကျစရိတ်သက်သာသော အယူခံဝင်မှုကို ပေးအပ်ရန်အတွက် မရှိမဖြစ်လိုအပ်ကြောင်း အတွေ့အကြုံများက ညွှန်ပြနေ၏။ တရားရုံးများမှာမူ ယေဘုယျအားဖြင့် စျေးကြီးပြီး ရှုပ်ထွေးကာ တောင်းဆိုသူအများစုအတွက် လက်လှမ်းမီရန် သို့မဟုတ် အသုံးဝင်စေရန် အချိန်များစွာ ကြာမြင့်တတ်၏။ ဤစနစ် ဤရှုထောင့်၏ ရှုပ်ထွေးမှုနှင့် ထိရှလွယ်မှုတို့ကြောင့် လက်လှမ်းမီနိုင်ခွင့်ဆိုင်ရာ ခြွင်းချက်များကို အနက်ဖွင့်ဆိုရာတွင် ဤအဖွဲ့အစည်း၏ အခန်းကဏ္ဍသည် အထူးအရေးကြီးပါသည်။ သို့သော် ဥပဒေကို မှန်ကန်စွာ ကျင့်သုံးရန် မကြာခဏဆိုသလို ဖြစ်လေ့ရှိသော လုပ်ထုံးလုပ်နည်း ပျက်ကွက်မှုများကို ဖြေရှင်းရန် (ဥပမာ နှောင့်နှေးခြင်း သို့မဟုတ် တောင်းဆိုထားသည့် ပုံစံဖြင့် အချက်အလက်ပေးရန် ငြင်းဆိုခြင်း) ကိုလည်း ဖြေရှင်းရန် အရေးကြီး၏။

## ၅။ ပိတ်ဆို့မှုများနှင့် အကာအကွယ်များ

တရားဝင်ခွင့်ပြုချက်မရှိဘဲ သတင်းအချက်အလက်များကို ဖျက်ဆီးခြင်းအပါအဝင် သတင်းအချက်အလက်ရယူပိုင်ခွင့်ကို ပျက်ပြားစေရန် တမင်ရည်ရွယ်ပြုမူသူများကို အရေးယူမှုများ ပြုလုပ်ရန် အရေးကြီး၏။ စီမံခန့်ခွဲရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုများ (ဆိုလိုသည်မှာ ဒဏ်ငွေ သို့မဟုတ် စည်းကမ်းထိန်းသိမ်းရေးအစီအမံများ)ကို ကျင့်သုံးရန် အလွန်ခက်ခဲသည့် ရာဇဝတ်မှုဆိုင်ရာ ပိတ်ဆို့မှုများထက် (ထိရောက်မှု ရှိစေရေး

အတွက်) ပိုမို အသုံးပြုနိုင်ကြောင်း အတွေ့အကြုံများအရ အကြံပြုကြ၏။ ပိတ်ဆို့အရေးယူမှုများသည် အဖွဲ့အစည်းအဆင့်တွင် ရှိသင့်၏။ ဆိုလိုသည်မှာ သတင်းအချက်အလက် ရယူပိုင်ခွင့်ကို လေးစားလိုက်နာမှုမရှိဘဲ စနစ်တကျ ကျူးလွန်ပျက်ကွက်သည့် ပြည်သူ့အာဏာပိုင်များအပေါ် ချမှတ်ရမည့် ပိတ်ဆို့မှုများလည်း ရှိသင့်သည်။

ပိတ်ဆို့အရေးယူမှုများအပြင် ဥပဒေနှင့်အညီ သစ္စာရှိရှိ ထုတ်ဖော်ပြောဆိုသော အရာရှိများကို အကာအကွယ်ပေးရန်လည်း လိုအပ်၏။ ယင်းသို့မဆောင်ရွက်ပါက တာဝန်ရှိသူများသည် အမှားများပြုလုပ်ခြင်းနှင့် လျှို့ဝှက်ဥပဒေများတွင် ပိတ်ဆို့အရေးယူမှုများကို ဆွဲဆောင်ခြင်းတို့အတွက် အမြဲတမ်း စိုးရိမ်နေမည်ဖြစ်ပြီး လက်တွေ့တွင် သတင်းအချက်အလက် ရရှိနိုင်မှုကိုလည်း အားနည်းသွားစေမည်။ အမှားအယွင်းများကို ဖော်ထုတ်ရန် သတင်းအချက်အလက်များကို သစ္စာရှိရှိ ထုတ်ဖော်သူများ (ဆိုလိုသည်မှာ "ကနဦး တပ်လှန့်သတင်းပေးသူများ") ကို အကာအကွယ်ပေးခြင်းသည်လည်း ကောင်းသောအလေ့အကျင့်တစ်ခုဖြစ်သည်။

## ၆။ မြှင့်တင်ရေးအစီအမံများ

သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေကို အကောင်အထည်ဖော်ရာ၌ မြှင့်တင်ရေးအစီအမံပုံစံအတွက် ပံ့ပိုးကူညီမှုအနည်းငယ် လိုအပ်၏။ အချို့သော အဓိက အစီအမံများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ပြည်သူ့အာဏာပိုင်များသည် ၎င်းတို့၏ အချက်အလက်များ ထုတ်ဖော်ခြင်းဆိုင်ရာ တာဝန်ဝတ္တရားများကို လိုက်နာကြောင်း သေချာစေရန်အတွက် သီးခြားတာဝန်ရှိသော (သတင်းတာဝန်ခံ) အရာရှိများ သို့မဟုတ် အဖွဲ့များကို ခန့်အပ်ရန် လိုအပ်၏။

(ခ) သတင်းအချက်အလက်ကော်မရှင်တစ်ခု သို့မဟုတ် အစိုးရဌာနတစ်ခုကဲ့သို့သော ဗဟိုအဖွဲ့အား သတင်းအချက်အလက်ရယူပိုင်ခွင့်ကို မြှင့်တင်ရန်အတွက် အလုံးစုံတာဝန်ပေးသင့်၏။

(ဂ) အများပြည်သူအား အသိပညာပေးရေး ကြိုးပမ်းဆောင်ရွက်မှုများ (ဥပမာ- အများပြည်သူအတွက် လမ်းညွှန်ချက်တစ်ခုထုတ်ခြင်း သို့မဟုတ် ကျောင်းများတွင် သတင်းအချက်အလက် သိရှိခွင့်ကို မိတ်ဆက်ပေးခြင်း) ကို လုပ်ဆောင်ရန် လိုအပ်၏။

(ဃ) မှတ်တမ်းများ စီမံခန့်ခွဲမှုဆိုင်ရာ အနိမ့်ဆုံးစံနှုန်းများ (ပြည်သူ့ အာဏာပိုင်များက စာရွက်စာတမ်းများနှင့် အခြားမှတ်တမ်းများကို စီမံခန့်ခွဲပုံ) ကို သတ်မှတ်ပေးသည့် စနစ်တစ်ခု ထားရှိသင့်ပြီး၊ (တာဝန်ရှိသူများက တောင်းဆိုချက်များကို တုံ့ပြန်ဆောင်ရွက်နိုင်မည့်အပြင် ယေဘုယျအားဖြင့် ၎င်းတို့၏အလုပ်များကို ဆောင်ရွက်နိုင်စေမည်ဖြစ်သဖြင့် ယင်းတို့နှစ်မျိုးလုံးအတွက် အရေးကြီးသောကြောင့်) ပြဋ္ဌာန်းထားသင့်၏။

(င) ပြည်သူ့အာဏာပိုင်များသည် ၎င်းတို့၏ လက်ဝယ်ရှိ စာရွက်စာတမ်းစာရင်းများ သို့မဟုတ် မှတ်တမ်းများကို ဖန်တီးရန်, အချက်အလက်များ လက်ရှိအခြေအနေနှင့် အမြဲကိုက်ညီနေစေရန်နှင့်

တောင်းဆိုမှုများပြုလုပ်ရာ၌ လွယ်ကူချောမွေ့စေရေးအတွက် ယင်းတို့ကို အများပြည်သူသိရှိစေအောင် ဆောင်ရွက်ရန် လိုအပ်၏။

(စ) တာဝန်ရှိသူများသည် သတင်းအချက်အလက်ရယူပိုင်ခွင့်ဆိုင်ရာ သင့်လျော်သော သင်တန်းများ ဆောင်ရွက်ပေးရန် လိုအပ်၏။

(ဆ) ပြည်သူ့အာဏာပိုင်များအနေဖြင့် သတင်းအချက်အလက်တောင်းခံမှုများအတွက် ခြေရာခံစနစ်များ ထားရှိရန်နှင့် ဥပဒေကို အကောင်အထည်ဖော်ရန်အတွက် ၎င်းတို့လုပ်ဆောင်ခဲ့သည့် လုပ်ဆောင်ချက်များကို နှစ်စဉ်အစီရင်ခံရန် လိုအပ်သည်။ ယင်း၌ လက်ခံရရှိထားသော တောင်းဆိုမှုများနှင့် မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းခဲ့သည်ဆိုသည့် စာရင်းဇယားများ ပါဝင်သင့်၏။

(ဇ) သတင်းအချက်အလက်ကော်မရှင်(လူကြီး)တစ်ဦး သို့မဟုတ် အစိုးရဌာနတစ်ခုကဲ့သို့သော ဗဟိုအဖွဲ့သည် ဥပဒေပြုရေးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာစုကို လွှတ်တော်သို့ တင်ပြရန် တာဝန်ရှိသည်။

## နိဂုံး

သတင်းအချက်အလက်ရယူပိုင်ခွင့်သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သင့်သည်။ သက်ဆိုင်ရာ အာဏာပိုင်များသည် သတင်းရယူပိုင်ခွင့်ကို ဥပဒေတွင် ပြဋ္ဌာန်းထားပြီး အစိုးရ၏ တာဝန်ခံမှုနှင့် ပါဝင်လုပ်ဆောင်ဒီမိုကရေစီကို လွယ်ကူချောမွေ့စေရေး အပါအဝင် အကျိုးကျေးဇူး များစွာကို ရရှိစေသော ဤသော့ချက်အခွင့်အရေးကို အကောင်အထည်ဖော်နိုင်စေရန်အတွက် လုံလောက်သော အဖွဲ့အစည်းဆိုင်ရာ အစီအမံများကို အကောင်အထည်ဖော်ကြောင်း သေချာစေသင့်သည်။